# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
# မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် ဥပဒေ

**(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၂/၂၀၀၂)**

**ရန်ကုန်မြို့၊ ၁၃၆၃ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်**

**(၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည်အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံလေကြောင်း နှင့် အာကာသပညာတက္ကသိုလ်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက် စေရမည်-

(က) **တက္ကသိုလ်** ဆိုသည်မှာ ဤဥပဒေအရ တည်ထောင်သည့် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသ ပညာ တက္ကသိုလ်ကို ဆိုသည်။

(ခ) **ကောင်စီ** ဆိုသည်မှာ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်၏ လုပ်ငန်းတာဝန် များကို ကြီးကြပ်ရန် ဤဥပဒေအရ ဖွဲ့စည်းသည့် တက္ကသိုလ်ကောင်စီကို ဆိုသည်။

(ဂ) **ပါမောက္ခချုပ်** ဆိုသည်မှာ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်၏ ပါမောက္ခချုပ် ကိုဆိုသည်။

## အခန်း (၂)
## တည်ထောင်ခြင်း

၃။ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်ကို ဤဥပဒေ စတင်အာဏာသက်ရောက် သည့် နေ့မှစ၍ တည်ထောင်လိုက်သည်။

၄။ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနသည် တက္ကသိုလ်နှင့် ပေါင်းကူးဆက်သွယ်သည့် ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သလို တည်ထောင် နိုင်သည်။

## အခန်း (၃)
## တက္ကသိုလ်၏ ရည်မှန်းချက်များ

၅။ တက္ကသိုလ်၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လေကြောင်းနှင့်အာကာသပညာဖြင့် နိုင်ငံတော်ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင် ရန်၊

Myanmar Law Information System (MLIS)

(ခ) ကျင့်ဝတ်သိက္ခာနှင့် ပြည့်စုံပြီး ကျွမ်းကျင်သော လေကြောင်းနှင့် အာကာသပညာရှင်များ မွေးထုတ် နိုင်ရန်၊

(ဂ) လေကြောင်းနှင့် အာကာသပညာဆိုင်ရာ အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြုမည့် သိပ္ပံနှင့် နည်းပညာတို့ကို သင်ကြားပေးနိုင်ရန်၊

(ဃ) လေကြောင်းနှင့်အာကာသပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံဆောင် ရွက်နိုင်ရန်၊

(င) အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်က ချမှတ်ထားသည့် ပြဋ္ဌာန်းချက်များကို လေ ကြောင်းနှင့် အာကာသပညာရှင်များ သိရှိနားလည်နိုင်စေရန်၊

(စ) လေကြောင်းနှင့် အာကာသပညာရပ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့် သုတေသန လုပ်ငန်းရပ်များကို ဆောင်ရွက်နိုင်ရန်။

## အခန်း (၄)

## ကောင်စီဖွဲ့စည်းခြင်း

၆။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်-

(က) အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော တက္ကသိုလ်ကောင်စီကို ဖွဲ့စည်းရမည်-

| | | | |
|---|---|---|---|
| (၁) | ဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | .... | ဥက္ကဋ္ဌ |
| (၂) | သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ | .... | ကောင်စီဝင်များ |
| (၃) | ဘာသာရပ်ဆိုင်ရာ ပညာရှင်များ | .... | ကောင်စီဝင်များ |
| (၄) | သင့်လျော်သော နိုင်ငံသားများ | .... | ကောင်စီဝင်များ |
| (၅) | ပါမောက္ခချုပ် မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသ ပညာတက္ကသိုလ် | .... | အတွင်းရေးမှူး |

(ခ) လိုအပ်ပါက ကောင်စီ၏ ဒုတိယဥက္ကဋ္ဌနှင့်တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်၍ တာဝန်ပေးအပ် နိုင်သည်။

(ဂ) ကောင်စီကို လိုအပ်သလိုပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၅)

## ကောင်စီ၏ လုပ်ငန်းတာဝန်များ

၇။ ကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တက္ကသိုလ်၏ပညာရေးဆိုင်ရာ မူဝါဒများနှင့် လမ်းညွှန်မှုများကို ချမှတ်ခြင်း၊

Myanmar Law Information System (MLIS)

(ခ) တက္ကသိုလ်နှင့်ပေါင်းကူးဆက်သွယ်သည့် ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများကို တည်ထောင်နိုင်ရန် ထောက်ခံတင်ပြခြင်း၊

(ဂ) တက္ကသိုလ်၏ ရည်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်း အစီ အစဉ်များချမှတ်ခြင်း၊

(ဃ) တက္ကသိုလ်က အပ်နှင်းမည့်ဘွဲ့၊ ဒီပလိုမာ နှင့် အောင်လက်မှတ်များ သတ်မှတ်ရေးနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) တက္ကသိုလ်က အပ်နှင်းမည့်ဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များအား အပြည်ပြည်ဆိုင်ရာ မြို့ပြ လေကြောင်းအဖွဲ့ချုပ်က သတ်မှတ်ထားသည့် လေကြောင်းဆိုင်ရာ ကျွမ်းကျင်မှုလက်မှတ် မည်သည့် အဆင့်နှင့် တူညီသည်ကို ညှိနှိုင်းသတ်မှတ်ခြင်း၊

(စ) နိုင်ငံခြားတိုင်းပြည်များက အပ်နှင်းသည့် လေကြောင်းနှင့် အာကာသပညာဆိုင်ရာဘွဲ့၊ ဒီပလိုမာ နှင့် အောင်လက်မှတ်များကို လိုအပ်ပါက အသိအမှတ် ပြုနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဆ) တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်မည့် ဆရာများ၏ ပညာအရည်အချင်းကို သတ်မှတ်ခြင်း၊

(ဇ) နိုင်ငံတော်၏လိုအပ်ချက်နှင့်အညီ တက္ကသိုလ်တွင် လက်ခံသင်ကြားမည့် ကျောင်းသားဦးရေ သတ် မှတ်ခြင်း၊

(ဈ) လေကြောင်းနှင့်အာကာသပညာရပ်များ ဖွံ့ဖြိုးတိုးတက်စေရန် သုတေသနလုပ်ငန်းများ ဆောင်ရွက် ရေးနှင့် အဆိုပါ ပညာရပ်များ ပြန့်ပွားရေးတို့အတွက် စီမံချက်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ည) လေကြောင်းနှင့်အာကာသပညာဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းရေးနှင့် စပ်လျဉ်း၍ ဆုံး ဖြတ်ခြင်း၊

(ဋ) တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့၏ လုပ်ငန်းများကို လည်းကောင်း၊ တက္ကသိုလ်နှင့် ပေါင်းကူးဆက်သွယ်သည့် ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများ၏ ပညာရေး နှင့် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို လည်းကောင်း ကြီးကြပ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း နှင့် တင်ပြချက်များကို ဆုံးဖြတ်ခြင်း၊

(ဌ) လိုအပ်သော ကျွမ်းကျင်မှု အကူအညီနှင့် အခြားအကူအညီများကို အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများထံမှ ရယူခြင်း၊

(ဍ) ကောင်စီ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်သော အဖွဲ့ငယ်များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း။

၈။ ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များသည် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေများကို ခံစားခွင့် ရှိသည်။

## အခန်း (၆)

## တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့များ ဖွဲ့စည်းခြင်း

၉။ ကောင်စီသည် တက္ကသိုလ်တွင် သင်ကြားပို့ချမည့် ဘာသာရပ်များ အလိုက် သင်ရိုးမာတိကာ၊ သင်ရိုး ညွှန်းတမ်းများနှင့် စာအုပ်စာတမ်းများကို စိစစ်အတည်ပြုသည့် လုပ်ငန်းတာဝန်များ၊ ဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များ ချီးမြှင့်သည့်

Myanmar Law Information System (MLIS)

လုပ်ငန်းတာဝန်များနှင့် ပညာရေးဆိုင်ရာ အခြားလုပ်ငန်း တာဝန် များကို ဆောင်ရွက်နိုင်ရန် ပါမောက္ခချုပ် ဥက္ကဋ္ဌအဖြစ် ပါဝင်သည့် တက္ကသိုလ် ပညာရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၁၀။ ကောင်စီသည် တက္ကသိုလ်၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းတာဝန်များ၊ ကျောင်းသားများ၏ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းတာဝန်များနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အခြားလုပ်ငန်းတာဝန် များကို ဆောင်ရွက်နိုင်ရန် ပါမောက္ခချုပ် ဥက္ကဋ္ဌအဖြစ် ပါဝင်သည့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်း ရမည်။

၁၁။ ကောင်စီသည် တက္ကသိုလ်ပညာရေးအဖွဲ့နှင့်တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့၏ လုပ်ငန်းတာဝန်များ ကို သတ်မှတ်ပေးရမည်။

၁၂။ တက္ကသိုလ် ပညာရေးအဖွဲ့နှင့် တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့တို့တွင် ပါဝင်သော ဝန်ထမ်းမဟုတ်သည့် အဖွဲ့ဝင်များသည် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့် ရှိသည်။

## အခန်း (၇)

## ဝန်ထမ်းဖွဲ့စည်းပုံ

၁၃။ ကောင်စီသည် ပညာသင်ကြားရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းတာဝန်များကို အခြေခံလျက် လိုအပ် သော ဝန်ထမ်း ဖွဲ့စည်းပုံကို သတ်မှတ်ချက်များနှင့်အညီ ရေးဆွဲ၍ အတည်ပြုထားရှိရမည်။

၁၄။ ကောင်စီသည်ဆရာများနှင့် ဝန်ထမ်းများကို ခန့်ထားရာတွင်-

(က) တည်ဆဲစည်းမျဉ်း၊ စည်းကမ်း ၊ ညွှန်ကြားချက်များနှင့်အညီဝန်ထမ်း ဖွဲ့စည်းပုံ အတွင်းခန့်ထားနိုင် ခွင့်ရှိသည်။

(ခ) ပညာသင်ကြားရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်း တာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်မည့် ဆရာ များနှင့် ဝန်ထမ်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ လွှဲပြောင်းရယူ ခန့်ထားနိုင်သည်။

၁၅။ ကောင်စီသည် ဝန်ထမ်းရေးရာ လုပ်ပိုင်ခွင့်များကို ပါမောက္ခချုပ်အား လိုအပ်သလို လွှဲအပ်ဆောင် ရွက်စေနိုင်သည်။

## အခန်း (၈)

## ဘဏ္ဍာရေး

၁၆။ ပါမောက္ခချုပ်သည် တက္ကသိုလ်၏ နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းကို သိပ္ပံနှင့် နည်းပညာ ဝန်ကြီး ဌာနသို့ တင်ပြ၍ သဘောတူညီချက် ရယူပြီး ဆောင်ရွက်ရမည်။

၁၇။ ပါမောက္ခချုပ်သည် တက္ကသိုလ်၏ ရငွေနှင့် အသုံးစရိတ်များကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့် အညီ စာရင်းအင်းထားရှိခြင်း၊ ပေးသွင်းခြင်းနှင့် သုံးစွဲခြင်းပြုရမည်။

## အခန်း (၉)

## အထွေထွေ



Myanmar Law Information System (MLIS)

၁၈။ တက္ကသိုလ်သည် ဘွဲ့၊ ဒီပလိုမာ၊ အောင်လက်မှတ်နှင့် လေကြောင်းနှင့် အာကာသပညာဆိုင်ရာဂုဏ် ထူးဆောင်ဘွဲ့များ အပ်နှင်းခွင့်ရှိသည်။

၁၉။ တက္ကသိုလ်သည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲခံနိုင်ခွင့် ရှိသည်။

၂၀။ တက္ကသိုလ်သည် ပညာရေးလုပ်ငန်းနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ အောင်မြင်စေရန် အလို့ငှာ ကျွမ်းကျင်မှုအကူအညီနှင့် အခြားလိုအပ်သော အကူအညီများကို ဝန်ကြီးဌာနများနှင့် ဖြစ်စေ၊ အစိုးရ ဌာန၊ အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အခြား ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့်ဖြစ်စေ ဆက်သွယ်ရယူ နိုင်ခွင့် ရှိသည်။

၂၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်-

(က) သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ကောင်စီတို့သည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

Myanmar Law Information System (MLIS)